စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၂၆ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁။)

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ် ၊ ဩဂုတ်လ ၂၇ ရက်)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေ၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (စ) ကို အောက်ပါ အတိုင်း အစားထိုးရမည်-

"(စ) ဇာတ်ရုံဆိုသည်မှာ ဇာတ်သဘင်ပွဲ၊ သီဆိုဖျော်ဖြေပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများ ပြုလုပ်သည့် အဆောက်အအုံနှင့် အခြားနေရာ တစ်ခုခုကို ဆိုလိုသည်။"

၃။ စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေ၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဒ) ကို အောက်ပါ အတိုင်း အစားထိုးရမည်-

"(ဒ) **တိုင်းဒေသကြီးဦးစီးဌာနမှူး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်မာ့ရုပ်ရှင်မြှင့်တင် ရေးဦးစီးဌာန၏ တိုင်းဒေသကြီးအဆင့် တာဝန်ခံကိုဆိုသည်။"

၄။ စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေ၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) ပြန်ကြားရေးဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသည့် ရုပ်ရှင်လုပ်ငန်းလိုင်စင်နှင့် ရုပ်ရှင်ဆင်ဆာလက်မှတ် မပါရှိသည့် ရုပ်ရှင်ကားများ၊"

၅။ စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေ၊ ပုဒ်မ ၂၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၆။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် နှစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်သိန်းသုံးဆယ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၆။ စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေ၊ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၇။ မည်သူမဆို ပုဒ်မ ၂၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် နှစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်သိန်းသုံးဆယ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၇။ စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေ၊ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၈။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်သိန်းနှစ်ဆယ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၈။ စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေ၊ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၉။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်သိန်းနှစ်ဆယ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၉။ စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေ၊ ပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ခြောက်လအထိဖြစ်စေ၊ ငွေဒဏ် တစ်ဆယ်သိန်းကျပ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၁၀။ စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေ၊ ပုဒ်မ ၃၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၁။ မည်သူမဆို ပုဒ်မ ၂၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ခြောက်လအထိဖြစ်စေ၊ ငွေဒဏ် တစ်ဆယ်သိန်းကျပ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ကိုလေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့